


# မဲခေါင်ဒေသတွင်းရှိမြေယာအခြေအနေ/အနေအထား

## အခရာကျသောအချက်များကိုမီးမောင်းထိုးပြခြင်း

မဲခေါင်ဒေသများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း နှင့် ဗီယက်နမ် နိုင်ငံများမှာ ကြီးမားသော လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြောင်းလဲမှု အလယ်တွင်ရောက်ရှိနေပါသည်။ မြို့ပြအဖြစ်သို့ပြောင်းလဲနေ သော်လည်း ဒေသတွင်းအများစုနယ်မြေများမှာ ကျေးလက်ဒေသများက လွှမ်းမိုးထားပြီး ၆၀%သောကျေးလက်နေ လူထုမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအား ထားလျက် ရှိပါသည်။ ကျေးလက် နေလူဦးရေမှာ ထူထပ်လာသော်လည်း အချိုးမကျစွာ ဆင်းရဲမှုကလွှမ်းမိုးနေပါသည်။ လက်ရှိချိန်တွင် မဲခေါင်ဒေသတွင်း ဆင်းရဲသားလူထု ၃၅သန်းခန့်နေထိုင်ကြပြီး အများစုမှာကျေးလက် ဒေသတွင်နေထိုင်လျက်ရှိကြပါသည်။ မြေယာရင်းနှီးမြှုပ်နှံမှု နှင့် စားသုံးကုန်သီးနှံများထုတ် လုပ်မှုမြှင့်တက်လာပြီး မဲခေါင်ဒေသမှာ စားသုံးကုန်များ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍတွင် ကမ္ဘာ့ဈေးကွက်ကို ဦးဆောင်လာသောကြောင့် သစ်တောများနှင့် သဘာဝဂေဟစနစ်များမှာ လယ်ယာမြေများဖြစ်လာကြကာ မမျှော်မှန်း သောမြေယာဆိုင်ရာအပြောင်းအလဲများဖြစ်လာခဲ့ပါသည်။ ထို့အတူ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု နှင့် မြေယာအခြေပြုထုတ်ကုန်များကုန်သွယ်မှုများ တိုးမြှင့်လာသောကြောင့် GDPတိုးတက်လာပြီး အချို့သောလူမှုရေးကဏ္ဍများတွင် သိသာစွာတိုးတက်မှုရှိလာသော်လည်း ရလဒ်မှာလုံးဝမျှတမှုမရှိပါ။ မြို့ပြနေလူတန်းစားများမှ ဖွံ့ဖြိုးမှု၏အကျိုးရလဒ်များကို ရရှိစေရန် ကျေးလက်နေဆင်းရဲသားလူတန်းစားတို့က ကြီးမားစွာပေးဆပ်နေရပါသည်။ ထို့ပြင်ကျေး လက်နေပြည် သူတို့၏ မြေယာနှင့်သက်ဆိုင်မှု သိသာစွာ ပြောင်းလဲလာပြီး မြေယာလုပ်ပိုင်ခွင့်အတွက်မလုံခြုံမှုများဖြစ်ပေါ်စေပါသည်။ မဲခေါင်ဒေသမှာ ပြောင်းလဲမှု၏ အစွန်းထိပ်တွင်နေပါလိမ့်မည်။ ပြုပြင်ပြောင်းလဲမှုမှာ အသေးစား တောင်သူလယ်သမား များအတွက် လိုအပ်ချက်များကို ရေရှည်ဖြည့်ဆည်း ပေးနိုင်ရန်အရေးကြီးလှပါသည်။

သာတူညီမျှမှု၊ ဆန်းသစ်ပြောင်းလဲသောဆုံးဖြတ်မှုနှင့် ၎င်းဆုံးဖြတ်ချက်များ၏ ရလဒ်များတို့ကြောင့်ဖြစ်ပေါ်သည့် အပြောင်းအလဲများကို နားလည်နိုင်ရန် စောင့်ကြည့်လေ့လာမှုအတွက် အဓိကအချက်အလက်များနှင့် သတင်းအချက်အလက်များ အရေးတကြီးလိုအပ်လျက်ရှိနေပါသည်။ ထို့ကြောင့် မဲခေါင်ဒေ သတွင်းရှိမြေယာအခြေအနေ/ အနေအထားမှာ လက်ရှိအခြေအနေတွင် ခရာကျသောအချက်အလက်များနှင့် သတင်းအချက်အလက်များ တဟုန်ထိုး ပြောင်းလဲနေသောမြေယာ အရင်းအမြစ်ကဏ္ဍ၊ လူမှုရေးကဏ္ဍတွင်ပါဝင် အကျိုးပြုမှုနှင့် အုပ်ချုပ်ရေးစနစ်ပုံဖော် မှုအခြေ အနေများကို စုစည်းတင်ပြခြင်းဖြစ်ပါသည်။

မဲခေါင်ဒေသရှိနိုင်ငံများအားလုံးသည် အဓိကကျသောစိုက်ပျိုးရေး လုပ်ငန်းမှ စက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း သို့ဦးတည်နေသော လယ်ယာမြေအကူး အပြောင်းကာလ အလယ်တွင်တည်ရှိနေပါသည်။လွန်ခဲ့သော ဆယ်စုနှစ်အတွင်း လယ်ယာမြေစိုက်ပျိုးရေးကဏ္ဍ၏ တိုင်းပြည်(GDP)တွင်ပါဝင်အကျိုး သက်ရောက် မှုမှာ ပျမ်းမျှအားဖြင့် ၂၄%ရာခိုင်နှုန်း ခန့်ကျဆင်း ခဲ့ပါသည်။

သို့သော်လည်း လယ်ယာမြေစိုက်ပျိုးရေးကဏ္ဍရှိ အလုပ်သမားများ အချိုးအစားလျော့ကျမှုမှာ နည်းပါးလျက်ရှိပြီး ထိုကဲ့သို့သော အကူးအပြောင်းမှာ မျှတမှုမရှိသကဲ့သို့ ကျေးလက်နေ ပြည်သူများနှင့် တောင်သူလယ် သမားများအများစုမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ကွယ်တွင် ကျန်ရစ်နေသောအခြေအနေကိုထင်ပေါ်စေပါသည်။ ထိုသို့စီးပွားရေး ကဏ္ဍတွင်ပူးပေါင်းပါဝင်မှု အချိုးအစားလျော့နည်းခဲ့သော်လည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ဆက်လက်ပြီး ကျယ်ပြန့်လာသောကြောင့် မြေယာအသုံးပြုမှုစနစ်များ ပြောင်းလဲခြင်းနှင့် ပို့ကုန်ကိုဖော်ပေးသော ကုန်ထုတ်လုပ်မှုလုပ်ခြင်းမှာ သိသိသာသာတိုး များလာခဲ့ပါသည်။ မဲခေါင်ဒေသတွင် ၁၉၉၆ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကြား စုစုပေါင်း လယ်ယာစိုက်ပျိုးရေးမြေမှာ ၂၀%ရခိုင်နှုန်း (ဟက်တာသန်း) ခန့် တိုးများလာခဲ့သည်။ ထိုသို့တိုးပွားလာခဲ့သော စိုက်ပျိုးရေးအတွက် သဘာဝပတ်ဝန်းကျင်၊

သစ်တောများ နှင့်အခြားသဘာဝပေါက်ပင်များကိုပေးဆပ်ခဲ့ကြရသည်။ ပျမ်းမျှအားဖြင့်ဆိုရလျှင်မဲခေါင်ဒေသတွင် ထို ကာလများအတွင်း ၄%ရခိုင်နှုန်းသောသစ်တော များကိုဆုံးရှုံးခဲ့ကြရသည်။ သို့သော်လည်း မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင် သစ်တောပြုန်းတီးမှုနှုန်းပိုမိုမြန်ဆန်ပြီး ၎င်းသစ်တောများ ဆုံးရှုံးခဲ့မှုတွင် သစ်တောဖုံးလွှမ်းမှု ၂၀%ရာခိုင်နှုန်း နှင့်အထက် ဆုံးရှုံးခဲ့ရပါသည်။ အခြားတစ်ဖက်တွင် ဗီယက်နမ် နိုင်ငံမှာ ၎င်းကာလတွင်း သစ်တောများ ဟက်တာ၄%ရခိုင်နှုန်း သန်းခန့်တိုးပွားလာခဲ့သည်။ သို့သော် ထိုသစ်တောများမှာ သစ်ပင်စိုက်ပျိုး ခြင်းလုပ်ဆောင်ခြင်းတစ်ခုကြောင့်သာ ဖြစ်သည်။

စိုက်ပျိုးရေးဆိုင်ရာမြေယာများမျှဝေမှုမှ မျှတမှုမရှိသည်မှာမြင့်မား လှပါသည်။ အသေးစားတောင်သူလယ်သမား များအတွက် စိုက်ပျိုးရေးမြေယာများမျှဝေပေးမှုတွင် မျှတမှုမရှိ အမြင့်ဆုံးနိုင်ငံမှာ ဗီယက်နမ်းဖြစ်ပြီး ၁၀ရခိုင်နှုန်းခန့်သာရှိသော လယ်သမားများက ၄၀ရခိုင်နှုန်းခန့်ရှိသောမြေယာများကိုစီမန်ခန့်ခွဲနေပါသည်။ သို့သော်လည်း အသေးစားတောင်သူများ၏ စိုက်ပျိုးရေးမြေယာများကို အစိုးရ ထောက်ပံ့ထားသော စိုက်ပျိုးမွေးမြူရေးလုပ်ကိုင် သောကုမ္ပဏီများနှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြုပ်နှံသူများအတွက် သိမ်းဆည်းမှုများ ပိုမိုများပြားလာပါသည်။ မဲခေါင်ဒေသတွင် စိုက်ပျိုးရေးနှင့် သစ်တော ကဏ္ဍများအတွက် မြေယာလုပ်ပိုင်ခွင့်ပေးထားသော စုစုပေါင်း ဟက်တာ၄သန်းမှာ ဟက်တာပေါင်းအနည်းဆုံး ၄ သန်းခန့်ရှိပါသည်။ ဤဖြစ်စဉ်ကိုကြည့်မည်ဆိုလျှင် စိုက်ပျိုးမြေများမျှဝေမှုမျှတမှုမရှိခြင်း တွေ့ရှိရပြီး အထူးသဖြင့် ကမ္ဘောဒီးယား နိုင်ငံတွင်တွေ့ရှိရမည်ဖြစ်သည်။

မဲခေါင်ဒေသတွင်း စိုက်ပျိုးမြေပြောင်းလဲခြင်းနှင့် မြေယာလုပ်ပိုင်ခွင့်များတ ဟုန်ထိုးများပြားလာခြင်း၏ အဓိက အကြောင်းအရင်းမှာ ကုန်သွယ်မှုရှုတ် တရက် တိုးပွားနိုင်သော သီးနှံများဟုခေါ်ကြသည့် ပလောပီနံ၊ ပြောင်း၊ ကြံ၊ ရော်ဘာ နှင့် ဆီအုန်း တို့စိုက်ပျိုးလာခြင်းကြောင့်ဖြစ်သည်။ လက်ရှိချိန်တွင် ထိုသီးနှံများကို မဲခေါင်ဒေသတွင်း ၃၀ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးမြေစုစုပေါင်းမြေနေရာ ဟက်တာ၁၇သိန်းခန့်ရှိပါသည်။ ထိုသို့သီးနှံများစိုက်ပျိုးမှုပို မိုများပြားလာခြင်းမှာ နိုင်ငံတကာဈေးကွက်များအရှိန်မြှင့်လာခြင်း နှင့် အခြားမြေယာ အခြေပြုကုန်ထုတ်လုပ်ငန်းများပိုမိုများပြား လာခြင်း ကြောင့်ဖြစ် ပါသည်။ ထိုထုတ်လုပ်မှုများကို မဲခေါင်ဒေသရှိနိုင်ငံများ နှင့် အခြားဒေသတို့မှ တရုတ်သို့ တင်သွင်းလျက်ရှိသည်မှာ ၁၉၉၆ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၂၇ ဘီလီယံ မှ ၂၀၁၅ ခုနှစ်များအတွင်း အမေရိကန်ဒေါ်လာ ၁၁၈ ဘီလီယံထိ သုံးဆ မြှင့်တက်လာခဲ့သည်။

ထိုသို့ပြောင်းလဲနေသောခြေလှမ်းများနှင့် ပမာဏများကြောင့် အစိုးရအဖွဲ့အစည်းများမှ မြေယာများကို မျှတပြီး ထိရောက်မှုရှိစွာစီမံကိုင်တွယ်နိုင်စွမ်း မရှိသည်ကိုတွေ့ရှိရသည့်အပြင်ကျေးလက်နေပြည်သူများအတွက် မြေယာလုပ်ပိုင် ခွင့်လုံခြုံမှုနှင့် အများစုသော စိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် တည်ဆဲဥပဒေမူဘောင်များတွင် အားနည်းချက် များစွာရှိနေသည်ကိုလည်းတွေ့ရှိရပါသည်။ ဒေသတွင်းရှိနိုင်ငံများ၏ မူဝါဒများနှင့် ဥပဒေများမှာမတူညီကြသော်လည်း ဒေသတွင်းတွင်တူညီသောအချက်မှာ တည်ဆဲဥပဒေ၊ မူဘောင်များ နှင့် လက်တွေ့မြေယာ စီမံခန့်ခွဲမှုကြားတွင်ရှိသော ကြီးမားသည့်ကွာဟချက်သာဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုများရှိသော်လည်း အလွှာအသီးသီးတွင်တည်တွင်အရိုးစွဲလျက်ရှိသော အကျင့်ပျက်ခြစားမှုများမှာရှိနေဆဲဖြစ်သည်။

ထိုသို့ပြောင်းလဲနေသောခြေလှမ်းများ နှင့် ပမာဏများကြောင့် အစိုးရအဖွဲ့အစည်းများမှ မြေယာများကို မျှတပြီး ထိရောက်မှုရှိစွာစီမံကိုင်တွယ်နိုင်စွမ်းမရှိသည်ကိုတွေ့ရှိရသည့်အပြင်ကျေးလက်နေပြည်သူများအတွက် မြေယာလုပ်ပိုင် ခွင့်လုံခြုံမှုနှင့် အများစုသော စိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် တည်ဆဲဥပဒေမူဘောင်များတွင် အားနည်းချက် များစွာရှိနေသည်ကိုလည်းတွေ့ရှိရပါသည်။ ဒေသတွင်းရှိနိုင်ငံများ၏ မူဝါဒများနှင့် ဥပဒေများမှာမတူညီကြသော်လည်း ဒေသတွင်းတွင်တူညီသောအချက်မှာ တည်ဆဲဥပဒေ၊ မူဘောင်များ နှင့် လက်တွေ့မြေယာစီမံခန့်ခွဲမှုကြား တွင်ရှိသော ကြီးမားသည့်ကွာဟချက် သာဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုများရှိသော်လည်း အလွှာအသီးသီးတွင်တည် တွင်အရိုးစွဲလျက်ရှိသော အကျင့်ပျက်ခြစားမှုများမှာရှိနေဆဲဖြစ်သည်။

ထို့ကြောင့် မဲခေါင်ဒေသတွင် ခိုင်ခံ့ပြီး အားလုံးပူးပေါင်းပါဝင်မှု နှင့် တာဝန်ယူမှု အပြည့်အဝရှိသည့် ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် စနစ်အရေး တကြီးလိုအပ်နေပါသည်။ အနာဂတ်ခရီးလမ်းသည် ကောင်းစားနေသောလူတစ်စုထက် ကျေးလက်နေပြည်သူများ၊ အများစုသော စိုက်ပျိုးရေးလုပ်ကိုင်သူများ၏ အကျိုးရလဒ်နှင့် ကုတ်အားပေါ်တွေသာ အခြေခံလျက်ရှိပါသည်။ ဒေသတွင်းပိုမိုရေရှည်တည်မြဲပြီး အားလုံးပူးပေါင်းပါဝင်သောအနာဂတ် ဦးတည်ရာလမ်းကြောင်း တစ်ကိုပေါ်မောင်းနှင်နိုင်ချေရှိမရှိဆိုသည့် အရာမှာ ကြီးမားသော မေးခွန်းတစ်ခုဖြစ်ပြီး ဤမေးခွန်း၏အဖြေကာသာ အနာ ဂတ်မြေယာနှင့်မဲခေါင်ဒေသတွင်းရှိလူထု၏အရေးကိုဆုံးဖြတ်ပေးသွားမည်ဖြစ်သည်။

**Produced by:**

UNIVERSITÄT BERN

CDE
CENTRE FOR DEVELOPMENT AND ENVIRONMENT

MRLG
MEKONG REGION LAND GOVERNANCE

The State of Land in the Mekong Region is a production of the Centre for Development and Environment (CDE), University of Bern, and the Mekong Region Land Governance (MRLG) Project.

**Citation for the full report:**

Ingalls, M.L., Diepart, J.-C., Truong, N., Hayward, D., Neil, T., Phomphakdy, C., Bernhard, R., Fogarizzu, S., Epprecht, M., Nanhthavong, V., Vo, D.H., Nguyen, D., Nguyen, P.A., Saphangthong, T., Inthavong, C., Hett, C. and Tagliarino, N. 2018. *State of Land in the Mekong Region*. Centre for Development and Environment, University of Bern and Mekong Region Land Governance. Bern, Switzerland and Vientiane, Lao PDR, with Bern Open Publishing.